## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၆၈ / ၂၀၂၂

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်

( ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် )

**မော်လမြိုင်မြို့အနီးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၁)ခုနှင့် လေယာဉ်ကွင်းအသစ် (၁)ခု တည်ဆောက်ရေးစီမံကိန်းအကောင်အထည်ဖော်ရေး ကြီးကြပ်မှုဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့အနီးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအသစ်(၁)ခုနှင့် လေယာဉ်ကွင်းအသစ်(၁)ခု ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ သွက်လက် လျင်မြန်အဆင်ပြေချောမွေ့စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ရန် **"မော်လမြိုင်မြို့အနီးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၁)ခုနှင့် လေယာဉ်ကွင်းအသစ်(၁)ခု တည်ဆောက်ရေး စီမံကိန်းအကောင်အထည်ဖော်ရေးကြီးကြပ်မှုဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

( ဇ ) ဝန်ကြီးချုပ် အဖွဲ့ဝင်
မွန်ပြည်နယ်အစိုးရအဖွဲ့

( ဈ ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး

( ဋ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
(လေယာဉ်ကွင်းတည်ဆောက်ရေး)
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

( ဌ ) ဦးဆောင်ညွှန်ကြားရေးမှူး အတွင်းရေးမှူး
(ဆိပ်ကမ်းတည်ဆောက်ရေး)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ မော်လမြိုင်မြို့အနီးတွင် နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(၁)ခုနှင့် လေယာဉ်ကွင်းအသစ် ( ၁ )ခု တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးကြီးကြပ်မှုဗဟို ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီမံကိန်း၏ လျာထားလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ခြင်း၊

( ခ ) စီမံကိန်းနှင့်ပတ်သက်၍ ဆက်စပ်ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရ အဖွဲ့တို့က ဆောင်ရွက်ရမည့် အောက်ဖော်ပြပါကိစ္စရပ်များကို လုပ်ငန်းအဆင်ပြေ စေရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း -

(၁) လိုအပ်သောမြေ သိမ်းဆည်းရေးဆိုင်ရာကိစ္စ၊

(၂) လိုအပ်သောလျှပ်စစ်မီး ရရှိရေးကိစ္စ၊

(၃) လိုအပ်သောရေချို ရရှိရေးကိစ္စ၊

(၄) ချဉ်းကပ်လမ်းများနှင့် အခြားလမ်းပိုင်းဆိုင်ရာဆက်စပ်တည်ဆောက်ရေးကိစ္စ၊

(၅) လိုအပ်သော ဘဏ္ဍာငွေလျာထားရရှိနိုင်ရေးကိစ္စ၊

(၆) အခြားလိုအပ်သော ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စ။

(ဂ) စီမံကိန်း၏တိုးတက်မှုကို စောင့်ကြည့်စစ်ဆေးခြင်း၊

(ဃ) ဗဟိုကော်မတီသည် လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး